# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၃-၉-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ ခမီကြိမ်ချောင်း တာတမံမှ ပုဏ္ဏားကျွန်းစက်မှုဇုန်သို့ ရေပိုက်များ သွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့လူထု၏ သောက်သုံးရေ သိုလှောင်ရာ နတ်တောင်ပြင်ဆည်ကို ၎င်းနှင့် ဆက်စပ်တည်ရှိသော ဆည်ငယ်များနှင့်ပေါင်းကာ ရေပိုမိုသိုလှောင်နိုင်ရန်အတွက် ကျန်တာပေါင်တစ်ဖက်ကို မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်အတွင်းရှိ R.M.C လက်ယာမြောင်းမကြီး၏ ရွှေဂူရေငုပ်ပြွန်အလျားပေ (၃၀၀)ကျော်၊ (၈)ပေ ပတ်လည် ပြွန်နှစ်လုံး ထပ်မံတည်ဆောက်ပေးရန်နှင့် R.M.C မြောင်းပေါင်များကိုပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ် အစိုးရနည်းပညာ အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်နေသော ကျောင်းအိပ်ဆောင်များကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများတွင် ပုံမှန်သင်ရိုးဖြင့် သင်ကြားခြင်းအပြင် ကျောင်းသား၊ ကျောင်းသူများ ကာယဉာဏ တန်းတူတိုးတက်စေရန်နှင့် အထွေထွေ ဗဟုသုတများ ရရှိစေရန် အောင်မြင်သောပညာရှင်၊ လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ဟောပြောပွဲများပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်ဖြစ်ပွားနေသောဒေသများမှ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန်အတွက် မည်သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **အဆင့်တိုးသော အခြေခံပညာကျောင်း များတွင် လိုအပ်သော ဆရာ၊ ဆရာမများ တစ်ပါတည်း ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က **"မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမား မိသားစုများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စု အဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က **"လယ်ယာသားငါးထုတ်ကုန်များ သင့်တင့်သော ဈေးနှုန်း၊ စဉ်ဆက်မပြတ် ဈေးကွက်များတည်ရှိစေရန် မြို့နယ်အလိုက် "တောင်သူ လယ်သမားဈေးကွက်စနစ်" (Farmer Market System) ထူထောင်၍ ပိုမို ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"စက်မှုဇုန် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။